# မြေပုံမြို့နယ်
# သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေ
# တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်

၂၀၁၉ခုနှစ်၊ မတ်လ။







IDM-RAND

Rakhine State

# မာတိကာ

ကျေးဇူးတင်ဂုဏ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

မြေပုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ . . . . . . . . . . . . . . . . . . . . ၆

အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် . . ၇

၁. ၁ နောက်ခံသမိုင်းကြောင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၂ ရည်မှန်းချက်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၃ အကျိုးရလဒ်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၄ လုပ်ငန်းစဉ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

အခန်း (၂) မြေပုံမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှု ဆန်းစစ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

၂. ၁ ဆိုင်ကလုန်းဘေး (ဆိုင်ကလုန်းမုန်တိုင်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြားဖြစ်စဉ်) . . ၉

၂. ၂ ထိခိုက်ခံရလွယ်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁

၂. ၂. ၁ ဆိုင်ကလုန်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၅၀ နှင့်၁၀၀ ကြား) . . . . . . . . . . . . . . . . . ၁၁

၂. ၂. ၂ မြေပုံမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း (၅၀ နှင့် ၁၀၀) ကြားဖြစ်စဉ် ထိခိုက်ခံရလွယ်သောကျေးရွာစာရင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၂. ၃ မြေပုံမြို့နယ်အရေးပေါ်အခြေအနေ ရွှေ့ပြောင်းနေရာချထားရန် ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

အခန်း (၃) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ . . . . . . . . . ၁၇

၃. ၁ မြေပုံမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ . . ၁၇

၃. ၂ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၂. ၁ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ. . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၂. ၂ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . . ၂၀

၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများချိတ်ဆက်မှုပြဇယား. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၃ မြေပုံမြို့နယ်ကြိုတင်သတိပေးချက်ကဏ္ဍ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၃. ၁ မြေပုံမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၃. ၂ မြေပုံမြို့နယ်ကြိုတင်အသိပေးရေးကဏ္ဍချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၃. ၃ ကြိုတင်အသိပေးရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၄ မြေပုံမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၄. ၁ မြေပုံမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . ၂၄

၃. ၄. ၂ ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . . ၂၆

၃. ၄. ၃ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၇

၃. ၅ မြေပုံမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၅. ၁ မြေပုံမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၅. ၂ မြေပုံမြို့နယ် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ . . . . . . . . . . . . . . . . . . ၂၉

၃. ၅. ၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု ပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၀

၃. ၆ မြေပုံမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၀

၃. ၆. ၁ မြေပုံမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . ၃၀

၃. ၆. ၂ မြေပုံမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှု ပုံစံ . . . . . . . . . . . . . . . . . . ၃၁

၃. ၆. ၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂

၃. ၇ မြေပုံမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂

၃. ၇. ၁ မြေပုံမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . . . ၃၃

၃. ၇. ၂ မြေပုံမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . ၃၄

၃. ၇. ၃ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်ခြင်း ပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၅

၃. ၈ မြေပုံမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ . . . . . . . . . . . . . ၃၅

၃. ၈. ၁ မြေပုံမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ ဖွဲ့စည်းပုံ . . . ၃၆

၃. ၈. ၂ မြေပုံမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၇

၃. ၈. ၃ ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . ၃၇

အခန်း (၄) မြေပုံမြို့နယ် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှုအတွက် စံသတ်မှတ်ထားသော လုပ်ငန်စဉ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈

၄. ၁ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈

၄. ၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး . . . . . . . . . . . . . . ၃၈

၄. ၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက် . . . . . . . . . . . . . . . . . . . . . . . ၃၈

၄. ၄ မြေပုံမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၀

၄. ၄. ၁ မြေပုံမြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ . . . . . . . . . . ၄၀

၄. ၄. ၂ မြေပုံမြို့နယ်ကြိုတင်သတိပေးမှုကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ . . . . . . . . . . ၄၂

၄. ၄. ၃ မြေပုံမြို့နယ်ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ၄၃
၄. ၄. ၄ မြေပုံမြို့နယ်ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ . . . . ၄၆
၄. ၄. ၅ မြေပုံမြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ . . . . ၄၇
၄. ၄. ၆ မြေပုံမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ. . . . . . . ၄၉
၄. ၄. ၇ မြေပုံမြို့နယ်ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ၅၁
အခန်း (၅) မြေပုံမြို့နယ်အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များလုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . ၅၃
၅. ၁ မြေပုံမြို့နယ်ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့် ကွာခြားချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၃
၅. ၂ ကြိုတင်သတိပေးချက်ကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့် ကွာခြားချက်များ. . . ၅၄
၅. ၃ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့်ကွာခြားချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၄
၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက်များ. ၅၆
၅. ၅ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက်များ . ၅၇
၅. ၆ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက်များ . . . ၅၈
၅. ၇ ကနဦး ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့်ကွာခြားချက်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉
အခန်း (၆) မြေပုံမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ စောင့်ကြည့်သုံးသပ်ခြင်းနှင့် အရေးပေါ်အခြေအနေတွင် ပေါင်းစပ်ဆောင်ရွက်မှုလုပ်ငန်းစဉ်ပြပုံစံ . . . . . . . . . . . . . . . ၆၀
၆. ၁ တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီးအတွက် အစိုးရဌာနအသီးသီးနှင့် အခြားသော ပူးပေါင်းပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုပြပုံစံ . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀
နောက်ဆက်တွဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၂
နောက်ဆက်တွဲ (၁) မြေပုံမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆက်သွယ်ရမည့်စာရင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၂
နောက်ဆက်တွဲ (၂) ခိုလှုံရာနေရာစာရင်းများနှင့်လိုအပ်ချက်များ . . . . . . . . . . . . . . . . . . . . . . . . ၆၄
နောက်ဆက်တွဲ (၃) မြေပုံမြို့နယ်ကျေးရွာအလိုက်ကူးတို့ (သို့မဟုတ်)လိုင်းကောင်စာရင်းများ. . . . . . . . . ၇၆
နောက်ဆက်တွဲ (၄) မြေပုံမြို့နယ်ရှိမှတ်ပုံတင်ဖွဲ့စည်းထားရှိသောအသင်းအဖွဲ့များစာရင်း . . . . . . . . . . . ၇၈
နောက်ဆက်တွဲ (၅) မြေပုံမြို့နယ် လူမှုရေးအသင်းအဖွဲ့များစာရင်း . . . . . . . . . . . . . . . . . . . . . . . ၇၈
နောက်ဆက်တွဲ (၆) မြေပုံမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်ကူညီရေးအဖွဲ့ လူဦးရေစာရင်း . ၇၉
နောက်ဆက်တွဲ (၇) မြေပုံမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်ကူညီရေးအဖွဲ့လုပ်ငန်းစဉ်များ. . ၈၁
နောက်ဆက်တွဲ (၈) ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း (Vulnerable Population) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈၃
နောက်ဆက်တွဲ (၉) မြေပုံမြို့နယ်ထိခိုက်ခံရလွယ်သောအုပ်စုများခိုလှုံမည့်နေရာများနှင့် လိုအပ်ချက်များ . . ၈၅

နောက်ဆက်တွဲ (၁၀) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူမည့်ပုံစံ . . . . . . . . ၉၀
နောက်ဆက်တွဲ (၁၁) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူသည့် Website နှင့် Kobo Application . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉၂
အကိုးအကားများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉၃

## ပုံများ

ပုံ (၁) မြေပုံမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ် သက်ရောက်နိုင်ခြေပြမြေပုံ (လေတိုက်ခတ်နှုန်း ၁ နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြားဖြစ်စဉ်) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀

ပုံ (၂)မြေပုံမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ် ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်းသည် ၁နာရီ မိုင် ၅၀ မှ ၁၀၀ကြား) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂

ပုံ (၃) မြေပုံမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်မှုများသော ကျေးရွာစာရင်း. . . . . . . . ၁၄

ပုံ (၄) မြေပုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အခြေအနေ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မြေပုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲထားပြီးဖြစ်ပါသည်။ ယခုအခါ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ် ကျရောက်လာပါက မြို့နယ်အတွင်းဌာနဆိုင်ရာများမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ မြို့နယ်အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)၏ နည်းပညာပံ့ပိုးကူညီမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုပြည့်စုံပြီး သက်ဝင်လှုပ်ရှားမှုရှိသော စီမံချက်ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသတွင်ရှိနိုင်သည့်အရင်းအမြစ်များလိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ခြင်း၊ လိုအပ်သော အချက်အလက်များကို ဌာနဆိုင်ရာများမှတဆင့် ကောက်ယူခြင်းစသည့် အချက်များပေါ်အခြေခံသော လုပ်ငန်းစဉ်များဖြင့် စီမံချက်ကို အားဖြည့်ရေးဆွဲထားသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)အနေဖြင့် ဤမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ်ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးကို များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ဤစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/OFDA ကိုလည်းများစွာကျေးဇူးတင်ရှိပါသည်။

ဤမြေပုံမြို့နယ်အတွင်း အန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေအမျိုးအစားအလိုက် ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ် ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီး အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားသည်။ သဘာဝဘေး အန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကိုတိုးမြှင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကို သဘာဝဘေးလျှော့ပါးရေးဆိုင်ရာများတွင် ထည့်သွင်းစဉ်းစားနိုင်ရန်ဖော်ထုတ်ဆွေးနွေးထားပါသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)သည် အလားတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ မောင်တောနှင့် စစ်တွေမြို့နယ်များအပြင်၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ငွေကြေးအထောက်အကူများမရရှိပါက စီမံချက်စာအုပ်သည်အောင်အောင်မြင်မြင် ထွက်ပေါ်လာနိုင်မည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သောအကူအညီများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

**International Organization for Migration – IOM**

**UN Migration Agency**

# မြေပုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ မြေပုံမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်အရသော် လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မီးဘေး၊ ရေကြီးခြင်းဘေး (မိုးများခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်း) စသည့် ဘေးအမျိုးမျိုးကျရောက်နိုင်ခြေရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ကျရောက်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ် ကိုမန် မုန်တိုင်းဒဏ်ကြောင့် မုန်တိုင်းဘေးဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် **International Organization for Migration (IOM)** (ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း)တို့ နှင့်ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ် ငန်းစီမံချက်ကိုရေးဆွဲပြီးလွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ယခုအခါ မြေပုံမြို့နယ်သည် ထိခိုက်ဆုံးရှုံးနိုင်ခြေအဖြစ်များသော ဆိုင်ကလုန်းဘေး ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံပြီး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ ထိုစီမံချက်ရေးဆွဲရာတွင် (အိုင်အိုအမ်) မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်ပြီး မြို့နယ်အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အချိန်ယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံချက်ကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာ အဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသောအရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့သော မြို့နယ်အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးကော်မတီဝင်ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် နည်းပညာနှင့် ကျွမ်းကျင်မှုများပံ့ပိုးပေးခဲ့သော International Organization for Migration - IOM (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း) နှင့် အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက်သူများအားလုံးနှင့် ငွေကြေးပံ့ပိုးမှု ပေးထားသော USAID-OFDA ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။



ဥက္ကဌ
( ဦးဇာနည်ကျော် ၊ပ/၅၆၀၃)
မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
မြေပုံမြို့

# အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်

## ၁. ၁ နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်းဘေးများကို မကြာခဏ ခံစားရသော နိုင်ငံဖြစ်သည်။ နိုင်ငံအား သဘာဝဘေးအန္တရာယ်များမှ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြင့်စေရန်အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင်အဖွဲ့အစည်းဆိုင်ရာစနစ်ကို တည်ထောင်ထားရှိရန်လမ်းညွှန်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတွင် ပြဌာန်းထားသည်။ ထိုအဖွဲ့အစည်း ဆိုင်ရာစနစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး ကော်မတီများနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စု အဆင့်တို့တွင် ရေးဆွဲထားရန် လမ်းညွှန်ထားသည်။

အစိုးရဌာနဆိုင်ရာများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲဆိုင်ရာလုပ်ငန်းအများစုမှာ ဘေးကျရောက်စဉ်ကာလ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များကို တိကျသေချာစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များမှာ လိုအပ်မှု၊ အားနည်းမှုများရှိသည်ကို တွေ့ရသည်။ အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အချိန်တိုအတွင်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထား သောလုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားရန် လိုအပ်သည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကို ဆွေးနွေးဖော်ထုတ်ရေးဆွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်နိုင်မှုဆိုင်ရာ အသိပညာမြင့်တင်ပေးခြင်းသည် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် ထိခိုက် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်သည်သာမက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၁. ၂ ရည်မှန်းချက်များ

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲခြင်း၏ ရည်မှန်းချက်များမှာ -

- အဓိက အစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာစွမ်းဆောင်ရည် မြင့်တင်ပေးရန်။
- ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် (ပစ္စည်းကိရိယာနှင့်လူသားအရင်းအမြစ်) ကိုဖော်ထုတ်ရန်နှင့် မြို့နယ်အတွင်းရှိ ထိခိုက်ခံရလွယ်သော လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှုအရင်းအမြစ်လိုအပ်ချက် ဖော်ထုတ်ရန်။

- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု စံသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး (ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်ဦးရေ)အတွက် ကဏ္ဍ အသီးသီးအလိုက် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု စံညွှန်းများအတွက် ကဏ္ဍအလိုက်ချိတ်ဆက်မှုများ (အထက်-အောက်၊ ဘေးတိုက်) ကို ဖော်ထုတ်ရန်။

## ၁.၃ အကျိုးရလဒ်များ

- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် စွမ်းရည်တိုးလာခြင်း။
- မြို့နယ်၏ရှိထားနှင့်ပြီးသော အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်မှု စွမ်းဆောင်ရည် ပစ္စည်းကိရိယာနှင့် လူသားအရင်းအမြစ်) လေ့လာဆန်းစစ်ချက်နှင့် ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှု အရင်း အမြစ်လိုအပ်ချက်နှင့် ကွာခြားချက်များ ကြိုတင်ဖော်ထုတ်နိုင်ခြင်း။
- အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ဆောင်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍ အသီးသီးအတွက် အဓိကဦးဆောင်မည့်ဌာန၊ အကျိုးတူပူးပေါင်းမည့် အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများ ထွက်ပေါ်လာခြင်း။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိအောင် ဖော်ဆောင်နိုင်ခြင်း။
- အန္တရာယ်အမျိုးအစား ဖြစ်စဉ်ဖြစ်ရပ်အခြေပြု အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းတို့ဖြစ်သည်။

## ၁.၄ လုပ်ငန်းစဉ်

- မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်မှု အရင်း အမြစ်လေ့လာခြင်း။
- ပြည်နယ်နှင့်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု သင်တန်းများ ပြုလုပ်ပေးခြင်း။
- အခြေအနေဖြစ်စဉ်ပေါ် အခြေခံသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်သူများအတွက် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အဓိက ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသနှင့် ကိုက်ညီသော စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အကူအညီ (မိုဘိုင်းအပလီကေးရှင်း၊ တက်ဘလက်၊ သဘာဝဘေးလျော့ ပါးရေးဆိုင်ရာ အသိပညာပေးသေတ္တာ၊ ကြိုတင်သတိပေးရေး ပစ္စည်းကိရိယာများ) ထောက်ပံ့ပေးခြင်း။
- ဆက်နွယ်ပတ်သက်သူအားလုံးပါဝင်သော စားပွဲဝိုင်းလေ့ကျင့်ခန်းများပြုလုပ်ကာ အရေးပေါ်အခြေအနေ တုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စတင်လုပ်ဆောင်ခြင်း။
- အတည်ပြုထားသော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို စာအုပ်ထုတ်ဝေပေးအပ် ခြင်းတို့ဖြစ်သည်။

# အခန်း (၂) မြေပုံမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှုဆန်းစစ်ချက်

မြေပုံမြို့နယ်သည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့ကြောင့် ဘေးအန္တရာယ်အမျိုးမျိုးဖြစ်သော ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းဘေးနှင့် မီးဘေးစသည်တို့ ကျရောက်နိုင်ခြေများသည်။ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်တွင် သက်ရောက်နိုင်ခြေရှိသော ဘေးအမျိုးမျိုးအတွက်ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်နှင့် လေ့လာဆန်းစစ်မှုရလဒ်ကို အသေးစိတ်ဖော်ထုတ်ထားသည်။ အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရာတွင် မြေပုံမြို့နယ်အတွက် ယခင်သမိုင်းကြောင်းနှင့် ပထဝီအနေအထားအရသက်ရောက်နိုင်ခြေများသော ဆိုင်ကလုန်းဘေးဖြစ်စဉ်ကို အခြေခံပြီး ဆိုင်ကလုန်းမုန်တိုင်း၊ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင် (၅၀ နှင့် ၁၀၀ကြား) ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေပြုကာစီမံချက်ကို ဆွေးနွေးဖော်ထုတ်ထားသည်။

## ၂. ၁ ဆိုင်ကလုန်းဘေး (ဆိုင်ကလုန်းမုန်တိုင်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြားဖြစ်စဉ်)

လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင် မိုင် (၅၀ မှ ၁၀၀) အတွင်း တိုက်ခတ်ပါက အန္တရာယ် ပြင်းအားသက်ရောက်နိုင်မှုအခြေအနေမှာ အနိမ့်ဆုံး၊ အလယ်အလတ်နှင့် အမြင့်ဆုံးတွင်ရှိသည်။ အန္တရာယ်ပြင်းအားနိမ့်လျှင် မြို့နယ်စုစုပေါင်းဧရိယာ၏ (၂၇၄. ၆၁) စတုရန်းမိုင်၊ အလယ်အလတ် - မြို့နယ်စုစုပေါင်းဧရိယာ၏ (၂၂၈. ၆၉) စတုရန်းမိုင်နှင့် အန္တရာယ်အမြင့်ဆုံးတွင် (၂၂၈. ၁၁) စတုန်းရန်းမိုင် သက်ရောက်ခံနိုင်ခြေရှိသည်။ မြေပုံမြို့နယ်အတွင်းရှိဧရိယာအများစုကို သစ်တောဧရိယာဖြစ်ခြင်းနှင့် ၎င်းတို့ကြောင့် လေတိုက်ခတ်အားကို အတိုင်းအတာတစ်ခုအထိလျှော့ကျနိုင်ခြင်းကြောင့် အန္တရာယ်လွှမ်းခြုံမှု အနိမ့်ဟု သတ်မှတ်သည်။ သို့သော်လည်း ကျေးရွာအုပ်စုတစ်ခုချင်းစီ၏ အန္တရာယ်အဆင့် သတ်မှတ်ချက်မှာ အန္တရာယ်အင်အားကြီးသောကြောင့် အမြင့်ဆုံးအဆင့်သတ်မှတ်သည်။ လေတိုက်နှုန်းခန့်မှန်းချက် ၁နာရီလျှင် မိုင် (၅၀ မှ ၁၀၀) ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံကာ စီမံချက်ကို ဆွေးနွေးဖော်ထုတ်ထားပါသည်။

ပုံ (၁) မြေပုံမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ် သက်ရောက်နိုင်ခြေပြမြေပုံ (လေတိုက်ခတ်နှုန်း ၁ နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြားဖြစ်စဉ်)



## ၂. ၂ ထိခိုက်ခံရလွယ်မှု

### ၂. ၂. ၁ ဆိုင်ကလုန်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၅၀ နှင့်၁၀၀ ကြား)

ထိခိုက်ခံရလွယ်မှုများသည် လူတစ်ဦး သို့မဟုတ် ရပ်ရွာလူထုတစ်ခုလုံး၏ ဘေးအန္တရာယ်အပေါ်ရင်ဆိုင် ဖြေရှင်းနိုင်စွမ်းများနှင့် ဆက်စပ်လျက်ရှိသည်။ ထိခိုက်ခံရလွယ်မှုအား အကဲဖြတ်ဆန်းစစ်ရာတွင် လူတစ်ဦးချင်းစီနှင့် အုပ်စုလိုက် ထိခိုက်ခံရလွယ်မှုပမာဏကို တိုင်းတာခြင်းဖြစ်သည်။

ထိခိုက်ခံရလွယ်မှု သဘောသဘာဝမှာ အန္တရာယ်အမျိုးအစား တစ်ခုချင်းစီတွင် သက်ရောက်ခံနိုင်ခြေ (သို့) ထိတွေ့နိုင်ခြေရှိသည့် အရာဝတ္ထုများပေါ်တွင် မူတည်သည်။ အချို့သောပိုင်ဆိုင် ပစ္စည်းများသည် အန္တရာယ်အမျိုးအစားအလိုက် ထိခိုက်ခံရလွယ်မှုကို ပို၍ဖြစ်စေသည်။ ဥပမာအားဖြင့် ဒေသထွက်ပစ္စည်းများဖြင့် တည်ဆောက်ထားသောအဆောက်အဦးများသည် မိုးခေါင်ရေရှားဘေးထက် ရေကြီးခြင်းနှင့်မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုပို၍ ဖြစ်စေသည်။ ထိုနည်းတူ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သူတစ်ဦးသည် ဝန်ဆောင်မှုနှင့် စီးပွားရေးကဏ္ဍတွင် လုပ်ကိုင်သောသူထက် မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုကိုပို၍ ဖြစ်စေသည်။

လေ့လာဆန်းစစ်ချက်မှုရလဒ်အရ ဆိုင်ကလုန်းအန္တရာယ်လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင်မိုင် (၅၀ နှင့်၁၀၀) ကြားတိုက်ခတ်ပါကအန္တရာယ်ပြင်းအား သက်ရောက်နိုင်မှုအခြေအနေမှာ အလယ်အလတ်နှင့် အမြင့်ဆုံးတွင်ရှိသည်။ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင်(၅၀ နှင့်၁၀၀)ကြား တိုက်ခတ်ပါက မြေမျက်နှာပြင်အားလုံးကို သက်ရောက်နိုင်၍ အန္တရာယ်သက်ရောက်လွှမ်းမိုးမှု အဆင့်မှာ အမြင့်ဆုံးအဆင့်တွင်ရှိသည်။

ပုံ (၂)မြေပုံမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ် ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်ခတ်နှုန်းသည် ၁နာရီ မိုင် ၅၀ မှ ၁၀၀ကြား)



### ၂. ၂. ၂ မြေပုံမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း (၅၀ နှင့် ၁၀၀) ကြားဖြစ်စဉ် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း

မြေပုံမြို့နယ်သည် ရပ်ကွက် (၉) ခု၊  ကမ်းထောင့်ကြီးမြို့ရပ်ကွက် (၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၅၉)အုပ်စုဖြင့် ဖွဲ့စည်းထားပြီး နေထိုင်သူလူဦးရေ စုစုပေါင်း (၁၃၇၄၃၅)ဦး နေထိုင်သည်။ မြေပုံမြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း မုန်တိုင်း ဘေးအန္တရာယ်ကို ခံစားနေရသော မြို့နယ်တစ်ခုဖြစ်ပါသည်။ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင်များက မြေပုံမြို့နယ်တွင် ယခင်ဖြစ်ပွားခဲ့သော ဘေးကျရောက်မှုအခြေအနေ၊ ငှဲခိုက်ပျက် စီးဆုံးရှုံးမှုဖြစ်စဉ်၊ ဒေသတွင်း ဆောက်လုပ်ထားသော အိမ်ခြေများ၏ဘေးဒဏ်ခံနိုင်မှုစသည့် အတွေ့အကြုံများနှင့် ဒေသန္တရဆိုင်ရာ ကျွမ်းကျင်အဆင့် အသိပညာများအပေါ်အခြေခံကာ အောက်တွင်ဖော်ပြထားသော ကျေးရွာများ ကိုဆိုင်ကလုန်းဘေး သက်ရောက်မှုကြောင့် ကျရောက်ခဲ့ပါက ထိခိုက်ခံရလွယ်သော ကျေးရွာများအဖြစ် ဖော်ထုတ် ထားသည်။

### ၂. ၂. ၃ မြေပုံမြို့နယ်အရေးပေါ်အခြေအနေ ရွှေ့ပြောင်းနေရာချထားရန် ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု

ဆိုင်ကလုန်မုန်တိုင်းဘေး မိုင် ၅၀ နှင့် ၁၀၀ ကြားတိုက်ခတ်ပါက အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် ဦးစားပေး တုံ့ပြန်ဆောင်ရွက်ရန် ထိခိုက်ခံရလွယ်သော ကျေးရွာနှင့် သက်ရောက်နိုင်သော လူဦးရေကို မြို့နယ်အဆင့်ဖော်ထုတ်ထားရာ ကျေးရွာ (၃၇)ရွာမှ စုစုပေါင်း (၂၆၃၁၂)ဦး ရှိပြီး အသေးစိတ်စာရင်းကို နောက်ဆက်တွဲ  (၈) တွင် ဖော်ပြထားသည်။

မြေပုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအတွက်ခိုလှုံရာနေရာများကို ကြိုတင်ဖော်ထုတ် သတ်မှတ်ထားပြီး အရေးပေါ်ကာလ ရွှေ့ပြောင်းခိုလှုံရာအခြေအနေပြမြေပုံကို ပုံ(၄)နှင့် အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၂) တွင်ဖော်ပြထားသည်။

ကျေးရွာအုပ်စုအလိုက် လူဦးရေနှင့် ခိုလှုံရာနေရာ လိုအပ်မှုပြမြေပုံကို ပုံ(၃) တွင်ဖော်ပြထားပါသည်။

## ပုံ (၃) မြေပုံမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်မှုများသော ကျေးရွာစာရင်း




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)

ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

## ပုံ (၄) မြေပုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အနေအထားပြမြေပုံ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)

ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

မြေပုံမြို့နယ်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် လုပ်ငန်းများဖော်ဆောင်ရန် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်သတ်မှတ်ချက်များကို ၂၀၁၇ ခုနှစ်က ရေးဆွဲပံ့ပိုးခဲ့သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်တွင် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းမှသည် ဘေးအန္တရာယ်ကျရောက်နေစဉ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် မြို့နယ်၏သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်ရန် အကျုံးဝင်သော စီမံချက်ကိုရေးဆွဲပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခုအရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်တွင် အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရာတွင် ဖော်ဆောင်ရမည့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများအတွက် ချိတ်ဆက်ထားရှိမှုနှင့် စံသတ်မှတ်ထားသော လုပ်ငန်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများအပြင် အခြားသော လူမှုရေးအသင်းအဖွဲ့များအတွက်ပါ ထည့်သွင်းစဉ်းစားထားသည်။

# အခန်း (၃) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ

## ၃.၁ မြေပုံမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ

အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ကြိုတင်သတိပေးချက်ရသည့်အချိန်မှ အရေးပေါ် အခြေအနေတုံ့ပြန် ဆောင်ရွက်ရာတွင် ပြုလုပ်ရမည့်ကဏ္ဍများကို သက်ဆိုင်ရာဌာနများနှင့် ဖော်ထုတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များထိရောက်စွာ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကဏ္ဍ (၇) ခုအတွက် ဖွဲ့စည်းပုံ၊ ချိတ်ဆက်မှုပြပုံစံ၊ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်ထားရှိမှုကို ဆွေးနွေး ဖော်ထုတ်ထားသည်။

- ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ
- ကြိုတင်သတိပေးချက်ကဏ္ဍ
- ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ
- ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ
- ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ

**မြေပုံမြို့နယ် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့**

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ၂ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | အရာရှိ | မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| ၄ | မြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဆရာဝန်ကြီး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးအရာရှိ | မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၈ | ဦးစီးအရာရှိ | မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဒု-တပ်ရင်းမှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ငါးလုပ်ငန်းမှူး | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | မြို့နယ်ပြန်ဆက်ဦးစီးမှူး | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်ဦးစီးအရာရှိ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်ဦးစီးမှူး | မြို့နယ်လဝကဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | တာဝန်ခံ | မြို့နယ်ဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၅ | မြို့နယ်အင်ဂျင်နီယာ | မြို့နယ်ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၆ | ဥက္ကဌ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ၁၇ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | မြို့နယ်ဦးစီးမှူး | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၁၉ | မြို့နယ်လျှပ်စစ်မှူး | လျှပ်စစ်ဓာတ်အားပေးဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၂၀ | မြို့နယ်ဦးစီးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | အဖွဲ့ဝင် |
| ၂၁ | ဦးစီးအရာရှိ | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီး ဌာန | အဖွဲ့ဝင် |
| ၂၂ | ဦးစီးအရာရှိ | မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| ၂၃ | ဦးစီးအရာရှိ | မြို့နယ်ကျေးလက်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၄ | ဥက္ကဌ | သွေးလှူရှင် | အဖွဲ့ဝင် |
| ၂၅ | ဥက္ကဌ | နာရေးကူညီမှုအသင်း | အဖွဲ့ဝင် |
| ၂၆ | | စီးပွားရေးလုပ်ငန်းရှင်များ | အဖွဲ့ဝင် |
| ၂၇ | ဥက္ကဌ | Grean Lives | အဖွဲ့ဝင် |
| ၂၈ | ဥက္ကဌ | သဘာဝဘေးအန္တရာယ်အရေးပေါ်ကူညီ ထောက်ပံ့ရေးအဖွဲ့ | အဖွဲ့ဝင် |
| ၂၉ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အတွင်းရေးမှူး |

**မြေပုံမြို့အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းစဉ်များ**

- မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ရရှိသော မိုးလေဝသသတင်းများကို နေစဉ်ရယူရန်နှင့် အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိပါက အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုများကို အသိပေးနှိုးဆော်ဆောင်ရွက်နိုင်ရန်ချိတ်ဆက်ဆောင်ရွက်ခြင်း။
- အရေးပေါ်အစည်းဝေးများပြုလုပ်ဆောင်ရွက်ခြင်း လိုအပ်သည့်များကို ကဏ္ဍအလိုက်လမ်း ညွှန်ချက်များပေးခြင်း။
- ရပ်ကွက်၊ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များ၊ အဖွဲ့အစည်းများ ထားရှိနိုင်ရန် လမ်းညွှန်မှုပေးခြင်း။
- ရပ်ကွက်၊ ကျေးရွာအလိုက် လိုအပ်မည့် စားနပ်ရိက္ခာများ၊ ရေယာဉ်များ ကြိုတင်တွက်ချက်ထားပြီး လိုအပ်ချက်များကို လမ်းညွှန်ချက်များပေးခြင်း။
- သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသောဒေသမှ ကနဦး သတင်းအချက်လက်များ ရရှိနိုင်ရန် ဆောင်ရွက်ထားရှိခြင်း။
- သဘာဝဘေးအန္တရာယ် ကျရောက်သည့် ပထမ ဦးစားပေးအရေးပေါ် ဒေသသို့ အမြန်ဆုံးသွားရောက် ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုများပေးခြင်း။
- အရေးပေါ်ကျရောက်သည့် အချိန်တွင် လိုအပ်ချက်များနှင့် လိုအပ်သည့်များကို ခရိုင်၊ ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။

- ➢ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲရာတွင် လိုအပ်သော ပေါင်းစပ်မှု ဦးဆောင်မှုများနှင့် သဏ္ဍာန်တူလေ့ကျင့်ခြင်းများတွင် လမ်းညွှန်မှုများပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

## ၃. ၂ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ

မြေပုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ် အရေးပေါ်သတင်းရရှိသည်မှသည် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် မြို့နယ်အတွင်းရှိ ဌာနအကြီးအကဲများ ပါဝင်သောလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း အသစ်ဖွဲ့စည်းထားသည်။ ထိုသက်ဆိုင်ရာဌာနများမှတဆင့် မြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေး အဆင့်ဆင့်တွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့် အဖွဲ့အစည်းများအပြင် မြို့နယ်အတွင်းရှိ ဌာနအသီးသီးနှင့် ခရိုင်၊ ပြည်နယ်နှင့် ကျေးရွာများအထိ အထက်အောက်ချိတ်ဆက်ရာတွင် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည် ဖြစ်သည်။

### ၃. ၂. ၁ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ၂ | မီးသတ်ဦးစီးမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | မြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | အမှုဆောင်အရာရှိ | စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၆ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဦးစီးမှူး | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | ဦးစီးအရာရှိ | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးစီးမှူး | ပြည်တွင်းအခွန်ဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၂. ၂ မြေပုံမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပုံစံ



### ၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာန |
|---|---|---|
| ၁ | ပြည်နယ်၊ခရိုင် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာဖြင့် အချိန်နှင့်တပြေးညီ ချိတ်ဆက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာဌာနများအားလုံး |
| ၂ | မြို့နယ်အတွင်းရှိဌာနဆိုင်ရာများနှင့် အလွယ်တကူဆက်သွယ်ဆောင်ရွက်နိုင်ရန် လဘာနမ ါမသကစ များ ဖွဲ့စည်းပြီးချိတ်ဆက်ထားခြင်း။ | မြို့နယ်ရှိဌာနဆိုင်ရာများအားလုံး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| ၃ | မြို့ပေါ်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ကျေးရွာအဆင့်တွင်ပြုလုပ်ရမည့် လုပ်ငန်းတာဝန်များအား လမ်းညွှန်မှုပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများ။ |
| ၄ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီဝင်များမှ ဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းအချက်အလက်သာမက အပျက်အစီးစာရင်းများကောက်ယူရန် လည်းလမ်းညွှန်ချက်များပေးခြင်း။ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၊ ပျက်စီး ဆုံးရှုံးမှုစာရင်းဇယားကောက်ယူရေးနှင့် အတည်ပြု ရေးဆပ်ကော်မတီ |
| ၅ | ဘေးလွတ်ကင်းရာမြို့နယ်များမှ အကူအညီရယူ ရန်ပေါင်းစပ်ညှိနှိုင်းခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/ပြည် နယ်ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီ |
| ၆ | အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/ပြည် နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |

## ၃. ၃ မြေပုံမြို့နယ်ကြိုတင်သတိပေးချက်ကဏ္ဍ

မြေပုံမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်၊ ခိုလှုံရာနေရာသို့ အချိန်မီရွှေ့ ပြောင်းနိုင်ရန်စသည့် လုပ်ငန်းစဉ်များနှင့် အရေးပေါ်ကာလလိုအပ်သော သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ရန် ကြိုတင်အသိပေးချက်ကဏ္ဍအတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၃. ၁ မြေပုံမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးစီးအရာရှိ | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒု-ဦးစီး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | တာဝန်ခံ | မိုက်ကရို | အဖွဲ့ဝင် |
| ၄ | စာတိုက်မှူး | မြို့နယ်စာတိုက်လုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၅ | လ/ထောက်ကြီးကြပ်ရေးမှူး | မြို့နယ်တယ်လီဖုန်း | အဖွဲ့ဝင် |
| ၆ | စခန်းမှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဒုမြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၉ | | သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု<br>အုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |

## ၃. ၃. ၂ မြေပုံမြို့နယ်ကြိုတင်အသိပေးရေးကဏ္ဍချိတ်ဆက်မှုပုံစံ



### ၃.၃.၃ ကြိုတင်အသိပေးရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာန |
|---|---|---|
| ၁ | မိုးလေဝသခန့်မှန်းချက်သတင်းကိုပုံမှန်ရယူခြင်း။ | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂ | ကြိုတင်အသိပေးချက်များအား ပြည်သူများထံသို့ရောက်ရှိအောင်လိုအပ်သောလမ်း ညွှန်မှုများပေးခြင်း။ | မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ |
| ၃ | ကြိုတင်သတိပေးချက်များပေးပို့ရန် viber group များဖွဲ့စည်းထားခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၄ | ပြည်သူများအား ကြိုတင်အသိပေးချက်မှသည် တုံ့ပြန်ဆောင်ရွက်နိုင်သည်အထိ (End to End) စနစ်ဖြင့် ရောက်ရှိအောင်ဆောင်ရွက်ခြင်း။ | ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများ၊ နယ်မြေရဲကင်း၊ အရံမီး သတ်တပ်ဖွဲ့ ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၅ | လူအသေအပျောက်၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျောက်ဆုံးနေသော စာရင်းများစသည့် သတင်းအချက်အလက်များအား မှန်ကန်စွာထုတ်ပြန်ခြင်း။ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (ဥက္ကဋ္ဌ) |
| ၆ | ကယ်ဆယ်ရေးစခန်း၏အခြေအနေများကို မြို့နယ်၊ခရိုင်၊ ပြည်နယ်သို့ အချိန်နှင့်တပြေးညီ သတင်းများပို့ဆောင်ခြင်း။ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (ဥက္ကဋ္ဌ) |
| ၇ | ကြိုတင်သတ်မှတ်ဖော်ထုတ်ထားသော ခိုလှုံရာနေရာများအား ပြည်သူများသိရှိအောင်လမ်းညွှန်ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများ |

## ၃.၄ မြေပုံမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ

ရှာဖွေကယ်ဆယ်ရေးကဏ္ဍအတွက် မြေပုံမြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားရှိသာမက ဘေးအန္တရာယ်အမျိုးမျိုးအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသောသူများနှင့် အရံမီးသတ်၊ ကျေးရွာရှိ လူငယ်ကြက်ခြေနီများပါဝင်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Rapid Response Team) ဖွဲ့စည်းထားရန် အကြံပြုပြီး ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသည်။

### ၃.၄.၁ မြေပုံမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| ၂ | မြို့နယ်မီးသတ်ဦးစီးမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဒု-တပ်ရင်းမှူး | မြို့နယ်ကြက်ခြေနီအဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၅ | မြို့နယ်ဦးစီးမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဒုတိယဦးစီးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | | သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၉ | ကျေးရွာအုပ်စုပညာရေးဝန်ထမ်း များ | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |

